# မာတိကာ


| | | |
|---|---|---|
| အခန်း (၁) | အခွန်အယူခံသမိုင်း | ၁ |
| အခန်း (၂) | ကိုယ့်ထီးကိုယ်နန်းရှိစဉ်က အယူခံ | ၅ |
| အခန်း (၃) | ကိုလိုနီခေတ်သမိုင်းအတွင်းမှ မထင်မရှားအယူခံများ | ၉ |
| အခန်း (၄) | ၁၉၀၀ ပြည့်နောက်ပိုင်း | ၁၃ |
| အခန်း (၅) | လွတ်လပ်ရေးရပြီးနောက်ပိုင်း ပါလီမန်ခေတ် | ၂၄ |
| အခန်း (၆) | မြန်မာနိုင်ငံ၏ အခြေခံဥပဒေများမှ နိုင်ငံသားအခွင့်အရေးများ | ၃၇ |
| အခန်း (၇) | The Burma Income - Tax (Amendment) ACT, 1953 အရ အမြတ်တော်ခွန်အယူခံခုံအဖွဲ့ရုံး ပေါ်ပေါက်လာခြင်း | ၄၉ |
| အခန်း (၈) | လုပ်ငန်းဆောင်ရွက်ရန် The Income Tax Appellate Tribunal Rule ရေးသားခြင်း | ၆၅ |
| အခန်း (၉) | တော်လှန်ရေးကောင်စီ၏ အုပ်ချုပ်ရေးစနစ်သစ်အရ အပြောင်းအလဲများ | ၁၁၅ |
| အခန်း (၁၀) | ၁၉၈၉ မှ ၂၀၁၀ နှစ်အတွင်း အခွန်အယူခံခုံအဖွဲ့ရုံး | ၁၃၇ |
| နိဂုံး | | ၁၈၁ |
| နောက်ဆက်တွဲ - ၁ | အခွန်အယူခံခုံအဖွဲ့ ဥပဒေ | ၁၈၃ |
| နောက်ဆက်တွဲ - ၂ | အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေ | ၁၉၇ |
| နောက်ဆက်တွဲ - ၃ | အယူခံမဟုတ်သော အယူခံမှတ်တမ်းများ | ၂၂၆ |


(ယခင်) အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၏ အမှာစာ

၁။ မကြာသေးမီ ရက်တစ်ရက်တွင် မိမိထံ စာရေးသူ ဦးအောင်သူထူး (ညွှန်ကြားရေးမှူး)က ရင်းရေးသားပြုစုထားသော စာအုပ်မူကြမ်းတစ်အုပ်ကို ပေးပို့လာပါသည်။ ဥယျောဇဉ် အမှာစကားရေးပေးရန် ဖြစ်ပါသည်။ စာအုပ်အမည်မှာ **အခွန်အယူခံသမိုင်း** ဖြစ်ပါသည်။

၂။ သမိုင်းဟူသည် အတိတ်ကာလ၏ ဖြစ်ရပ်ဖြစ်စဉ်များ ဆိုသည်ကိုသိပြီး ဖြစ်ကြပါသည်။ Learn For Yesterday, Live For Today and Hope For Tomorrow ဆိုသည့် စကားအတိုင်း အတိတ်ကိုသိမှ ထိုစဉ်မှ အားနည်းချက်၊ အားသာချက်များကို သိရှိ သင်ခန်းစာ ရယူနိုင်မည်ဖြစ်ပါသည်။ အားနည်းချက်များကို ရှောင်၊ အားသာချက်များကိုဆောင်၍ တိုးတက်ကောင်းမွန်သော ပစ္စုပ္ပန်ကို ဖော်ဆောင်ရစမြဲ ဖြစ်ပါသည်။ သို့ဖြစ်ရာ သမိုင်းမှတ်တမ်းအထောက်အထားများသည် တန်ဖိုးကြီးမားသောအရာဖြစ်ပါသည်။

၃။ ပေးပို့လာသော စာအုပ်မူကြမ်းကို ဖတ်ရှုကြည့်ရာတွင် မြန်မာနိုင်ငံတွင် ပြည်ထောင်စုအဆင့်မှ ကောက်ခံသည့် အခွန်အမျိုးအစားများအနက် အခွန်ဘဏ္ဍာငွေအတွက် အဓိကကျသော အမြတ်ခွန်၊ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန်၊ အကောက်ခွန် စသည်တို့၏ အယူခံသမိုင်းကြောင်းကို ရှေးဟောင်းမှတ်တမ်းအထောက်အထားများဖြင့် ရှာဖွေဖော်ထုတ်တင်ပြထားသည်ကို တွေ့ရှိပါသည်။ ခေတ်အဆက်ဆက်အယူခံခုံရုံးများ တိုးတက်ပြောင်းလဲ ဖွဲ့စည်းထားရှိခဲ့ပုံနှင့် လက်ရှိအသစ်ပြန်လည် ဖွဲ့စည်းထားသည်များကို ထိုစဉ်က ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာများ၊ ချမှတ်ခဲ့သည့် ထင်ရှားသော စီရင်ချက်များ၊ ကျင့်သုံးခဲ့သည့် ဥပဒေ၊ နည်းဥပဒေစသည်များ တင်ပြထားသည်ကို စိတ်ဝင်စားဖွယ် တွေ့ရပါသည်။

၄။ ယင်းသို့ အဆင့်ဆင့်ပြောင်းလဲမှုကို ဖော်ပြရာတွင် Burma Income-tax Act, 1920 အရ ၁၉၅၄ ခုနှစ်မှအစပြု၍ အမြတ်တော်ခွန်အယူခံရုံး (၁၉၅၅-



၁၉၆၂) ပါလီမန်ကာလမှသည် ယနေ့ကာလတွင်ရှိ အခွန်အယူခံခုံအဖွဲ့ အထိ အဆက်ဆက်ဖွဲ့စည်းထားရှိ ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် လက်ရှိပြည်ထောင်စုလွှတ်တော်က အခွန်အယူခံခုံအဖွဲ့ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၂၃ (၁-၈-၂၀၁၈) ဖြင့် ပြဋ္ဌာန်းပြီးဖြစ်ပါသဖြင့် ယင်းဥပဒေအရ အခွန်အယူခံခုံအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ရန်ရှိပါသည်။

၅။ ထိုသို့ ထုတ်ပြန်ထားသည့်အခွန်အယူခံခုံအဖွဲ့ဥပဒေ၊ နည်းဥပဒေကို စာအုပ်တွင် ပူးတွဲတင်ပြထားသဖြင့် အခွန်ထမ်းပြည်သူများ လေ့လာသိရှိနိုင်ပါသည်။ သို့ပါ၍ အခွန်ထမ်းပြည်သူများ ပိုမိုပူးပေါင်းဆောင်ရွက်လာမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။


သိန်းအောင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ပြည်တွင်းအခွန်များဦးစီးဌာန